ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
အမိန့်ကြော်ငြာစာ
အမှတ်၊ ၄ /၂၀၂၁
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

**လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း**

၁။ လယ်ယာမြေဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၂.၁၀.၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်တို့အရ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရန် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

**(က) တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

(၁) ကျေးလက်ဒေသများနှင့် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသော လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများ အိမ်ရာ တည်ဆောက်နိုင်ရန် ကျေးလက်နှင့် မြို့ပြအိမ်ရာ စီမံကိန်းများအတွက် လယ်ယာမြေကို အသုံးပြုရန် ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေးအတွက် စိစစ်တင်ပြခြင်း။

(၂) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်၊ သာသနာမြေနှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေးအတွက် စိစစ်တင်ပြခြင်း။

(၃) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများထားရှိခြင်း၊ ဆန်စက်များ၊ ဆီစက်များ၊ ပဲခွဲစက်များ

စသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သော စက်ရုံများ၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ လိုအပ်သော ကုန်ထုတ်လမ်း များနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေးအတွက် စိစစ် တင်ပြခြင်း။

(၄) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေ ပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေး အတွက် စိစစ်တင်ပြခြင်း။

(၅) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်၍ သတ်မှတ်သည့် ရက်အတွင်း အယူခံဝင်ရောက်လာသော ကိစ္စများနှင့်ပတ်သက်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ဆုံးဖြတ်ချက် အမိန့်ချမှတ်ခြင်း။

(၆) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုအား အပြီးအပြတ် ဆုံးဖြတ်ချက် အမိန့်ချမှတ်ဆောင်ရွက်ပြီးနောက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပါ အမည်၊ တည်နေရာ၊ ဧရိယာ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါက မူလလုပ်ပိုင်ခွင့်ပြု လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခြင်း။

(၇) လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့၏ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် အယူခံမှုများ လက်ခံစစ်ဆေးဆောင်ရွက်ပြီးစီးမှု အမှု လက်ကျန်စာရင်းတို့ကို အဆင့်ဆင့် စုစည်းစိစစ်ပြီး ဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ လစဉ်အစီရင်ခံစာ ပေးပို့တင်ပြခြင်း။

(၈) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသူမှ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် တင်ပြ လျှောက်ထားမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း